# ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
# Yangon Protestant Reformed Church
## တနင်္ဂနွေစာစောင်၊ နံပတ် (၄၆)

နေ့စွဲ – ၂၆. ၉. ၁၀

### ဘုရားသခင်၏မိမိကိုယ်မိမိ၌ လုံလောက်နေတော်မူခြင်း(God's Self-Sufficiency)

ကျမ်းစာက ကျွန်တော်တို့ကို သင်ပေးနေသော နှိမ့်ချစွာခံယူရမည့်အမှန်တရားများထဲမှတခုမှာ ဘုရားသခင်၏ လွတ်လပ်နေတော်မူခြင်း(အမှီအခိုမလိုခြင်း)နှင့် မိမိကိုယ်မိမိ၌ လုံလောက်နေတော်မူခြင်းအကြောင်း ဖြစ်ပါသည်။ ဘုရားသခင်သည် သူပြင်ပမှ ဘာကိုမှ မလိုအပ်သူဖြစ်ပါသည်။ အရာခပ်သိမ်းသည်သူပိုင်သော အရာများ ဖြစ်ကြယုံသာမကပါ၊ ထိုအရာခပ်သိမ်းက သူ့အဖြစ်တော်ကို ဘာမှထပ်ပေါင်းထည့်မပေးနိုင်ခြင်း ဖြစ်ပါသည်။ ဘာကိုမှမဖန်းဆင်းခဲ့ဘဲနေသည်ဆိုဦးတော့၊ သူသည် ပြည့်စုံတော်မူသူ၊ ဘုန်းကြွယ်ဝသူ ဖြစ်နေဦးမည်သာဖြစ်သည်။

ရော ၁၁း၃၄–၃၆တွင် ပြောထားသည်မှ ဤအမှန်တရားကိုဖြစ်ပါသည်၊ "ထာဝရဘုရား၏စိတ်တော်ကို အဘယ်သူသိသနည်း? ထာဝရဘုရားနှင့် အဘယ်သူတိုင်ပင်ဖက်ပြုသနည်း? ကျေးဇူးဆပ်တော်မူရမည့်အကြောင်း ထာဝရဘုရား၌ အဘယ်သူသည် ကျေးဇူးပြုဘူးသနည်း? ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်အထဲကဌင်း၊ ကိုယ်တော်အားဖြင့်၎င်း၊ ကိုယ်တော့်အဖို့အလို့ငှာ၎င်း ဖြစ်ကြ၏၊ ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း၊ အာမင်။"

အားလုံးကိုသိတော်မူသော ဘုရားသခင်၏စိတ်ထဲ၌ ရှိနေသည့်အရာအားလုံးကို မည်သူကမှ အားလုံးမသိနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် အားလုံးကို သိတော်မူသောဘုရားသခင်ဖြစ်သဖြင့် သူက ထာဝရကာလကထဲကပင် ပြည့်စုံစွာမသိသေးသောအရာကို မည်သူကမှ သူ့ကို မပြောပြနိုင်ပါ။ သူ့ကို သတင်းပို့ရန် ကျွန်တော်တို့ကို မလိုအပ်ပါ။ ဆုတောင်းခြင်းတွင်လည်း ထို့အတူဖြစ်ပါသည်။

ထို့အပြင် မည်သူကမှ ဘုရားသခင်ကို ဘာမှမပေးနိုင်ပါ။ ကျွန်တော်တို့က သူ့ကို ကျေးဇူးတင်ကြသည့်အခါ၊ ချီးမွမ်းကြသည့်အခါ၊ ဘုန်းအသရေကိုပေးကြသည့်အခါ၊ ထိုအရာတို့က သူ၏ရှိပြီးသားဘုန်းအသရေကို ဘာမှထပ်မတိုးစေပါ။ အသင်းတော်တခုလုံးကယ်တင်ခံရခြင်းကလည်း သူ၏ဘုန်းအသရေကို ဘာမှထပ်မတိုးစေပါ။ ထိုမှခြားနားစွာ သူတွင်ရှိနှင့်ပြီးသား ဘုန်းအသရေကို ပေါ်ပြခြင်းတခုသာဖြစ်ပါသည်။ သူသည် အရာခပ်သိမ်း၏ အရင်းအမြစ်၊ ဖြစ်ပေါ်ရာလမ်း၊ အဆုံးသတ်ရည်ရွယ်ချက် ဖြစ်တော်မူပါသည်။

အခြားသောအရာတို့ထက်၊ ယေဟောဝါဆိုသောအမည်က ဘုရားသခင်၏လုံလောက်တော်မူခြင်းကို ဖွင့်ပြပါသည်။ ထိုနာမည်အရ သူသည် "ငါ"ဖြစ်သူဖြစ်ပါသည်၊ အရာခပ်သိမ်း၏အရာခပ်သိမ်းဖြစ်တော်မူပါသည်။

ထိုအမှန်တရားသည် ကျွန်တော်တို့၏ကယ်တင်ခြင်းအတွက် အလွန်အရေးကြီးပါသည်။ လူအများက ကျွန်တော်တို့သာမရှိလျှင် ဘုရားသခင်သည် ဂရုဏာရှိသောဘုရား၊ ချစ်ခြင်း၏ဘုရား၊ ကျေးဇူးတော်၏ဘုရား ဖြစ်နိုင်မည်မဟုတ်ပါဟု တွေးတတ်ကြပါသည်။ ထို့ကြောင့် ထိုသူတို့က ဘုရားသခင်သည် ချစ်ခြင်း၏ဘုရား၊ ဂရုဏာထားတော်မူသောဘုရားဖြစ်လာရန် ကျွန်တော်တို့ကို လိုအပ်ပါသည်ဟု ပြောကြပါသည်။ အချို့ကဆိုလျှင် သူသည် လူသားတယောက်မကျန်ကို မချစ်လျှင်၊ အားလုံးကို ကျေးဇူးတော်မပြလျှင် ချစ်ခြင်း၏ဘုရား မဖြစ်နိုင်ပါဟု ဆိုနေကြပါသည်။ ထိုသို့ပြောခြင်းသည် ဘုရားသခင်၏မိမိကိုယ်ကို၌လုံလောက်နေတော်မူခြင်း အမှန်တရားကို ငြင်းပယ်ခြင်းသာဖြစ်ပါသည်။ ကျွန်တော်တို့ကို ဘယ်တော့မှမဖန်ဆင်းခဲ့လျှင်လည်း သူသည် အားလုံးသောကျေးဇူးတော်၏ဘုရား၊ ပြည့်စုံသောချစ်ခြင်း၏ဘုရား ဖြစ်နေဦးမည်သာဖြစ်ပါသည်။ ကျွန်တော်တို့ကို ဖန်ဆင်းခဲ့ပြီး၊ အပြစ်ထဲတွင် အားလုံးကျဆုံးသွားသည်ကို တွေ့မြင်တော်မူပြီး၊ တယောက်ကိုမှမကယ်တင်ခဲ့လျှင်လည်း သူ၏ဘုန်းအသရေသည် ကျေးဇူးတော်နှင့်ပြည့်ဝသော၊ ချစ်ခြင်းထားတော်မူသော၊ ဂရုဏာထားတော်မူသော ဘုရားသခင်သာ ဖြစ်နေပါဦးမည်။

လူကို အလွန်နှိမ့်ချစေသောအမှန်တရားဖြစ်ပါသည်။ ထိုအမှန်တရားဖြင့် ဘုရားသခင်သည် သူ၏ ကျေးဇူးတော်နှင့်ဂရုဏာတော်ကို ထင်ရှားစွာပြတော်မူပါသည်၊ သို့သော် အချို့သောသူတို့ထံ၌သာ ဖြစ်ပါသည်။ မည်မျှကြီးမြတ်သောဘုရားသခင်ပါနည်း!

ထိုထက်မကရှိပါသေးသည်။ ဘုရားသခင်၏အမှီအခိုမလိုအပ်ခြင်းအမှန်တရား၏ တခြားဖက်သည် ကျွန်တော်တို့၏ သူ့ထံတော် မှီခိုရခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ဘာသာ ဘာမှကို မပိုင်ကြပါ။ သူသာ မရှိလျှင် ကျွန်တော်တို့ ဘာကိုမှ မလုပ်နိုင်ကြပါ။ ဘုရားသခင်မပါဘဲ အသက်ရှင်ရန်ကြိုးစားသူများ မည်မျှ မိုက်မဲကြပါသနည်း! ကျွန်တော်တို့၏ ခန္ဓာနှင့်ဝိညာဉ်အတွက် လိုအပ်ချက်မှန်သမျှကို သူ့ထံတော်သို့ ဆုတောင်းလျက် မရှာကြခြင်းသည် မည်မျှ မိုက်မဲရာကျပါသနည်း!

ထို့ကြောင့် ဘုရားသခင်၏အမှီခိုမလိုအပ်ခြင်းနှင့် ကျွန်တော်တို့၏ မှီခိုရန်လိုအပ်ခြင်းအကြောင်း တို့ကို စကားမျှဖြင့်မဟုတ်၊ တကယ့်လက်တွေ့ဖြင့် ဝန်ခံကြပါမည်၊ အရာအားလုံးအတွက် သူ့ကိုသာ အားကိုးကြပါမည်။ ကျွန်တော်တို့ကဲ့သို့ ဘာမှမဟုတ်သောသူများထံ မိမိ၏ချီးမွမ်းစရာကောင်းလှသည့် ကျေးဇူးတော်နှင့် ဂရုဏာတော်ကို ချီးမွမ်းလျက် သူ့ကိုသာ အားကိုးကြပါမည်။

## ဘုရားသခင်၏နေရာတိုင်း၌ရှိတော်မူခြင်း(God's Omnipresence)

ဘုရားသခင်ကို သိခြင်းသည် ထာဝရအသက်ဖြစ်ပါသည်။ ၎င်းသည် သန့်ရှင်းစွာနေထိုင်ခြင်းနှင့် အပြစ်ထဲတွင်နေထိုင်ခြင်းတို့၏ ခြားနားမှုလည်းဖြစ်ပါသည်။ ဝိညာဉ်ရေးရာအေးငြိမ်းခြင်း ပြည့်ဝသောအသက်တာနှင့် အနားမရနိုင်သောပင်လယ်ကဲ့သို့ ယောက်ယက်ခတ်နေသောအသက်တာတို့၏ ခြားနားမှုလည်း ဖြစ်ပါသည်(ဟေရှာ ၅၇း၂၀–၂၁)။

ရှင်သန်နေခြင်းကိုပေးသည့် ဘုရားသခင်ကိုသိသောအသိပညာ၏ အရေးကြီးသောအစိတ်အပိုင်းတခုမှာ ဘုရားသခင်သည်နေရာတိုင်း၌ရှိတော်မူသောသူဖြစ်သည်ဟု သိခြင်းအသိပညာဖြစ်ပါသည်။ နေရာတိုင်း၌ရှိတော်မူသောသူအနေနှင့် ဘုရားသခင်သည် နေရာနှင့်စကြ်ဝဠာ(place and space)ဆိုသည့် ကန့်သတ်ချက်များကို ကျော်လွန်တော်မူသူ ဖြစ်ပါသည်။ အကွာအဝေးနှင့်နေရာ ဆိုသည်တို့သည် သူ့ထံတွင် အဓိပ္ပါယ်မရှိပါ။ သူသည် နေရာတိုင်းတွင် ရှိတော်မူပါသည်။ အရာခပ်သိမ်းကို ပြည့်တော်မူပါသည်။ သို့သော် ထိုအရာတို့ထဲတွင် ပိတ်မိ မနေပါ။ ထိုအချက်ကို ယေရမိ ၂၃း၂၃–၂၄တွင် ပြောပါသည်၊ “ငါသည် နီးသောအရပ်၌သာ ဘုရားဖြစ်သလော၊ ဝေးသောအရပ်၌လည်း ဘုရားဖြစ်သည်မဟုတ်လော?ဟု ထာဝရဘုရား မေးတော်မူ၏၊ ငါမမြင်စေခြင်းငှာ အဘယ်သူသည် မထင်ရှားသောအရပ်၌ ပုန်းရှောင်၍နေနိုင်သနည်း?ဟု ထာဝရဘုရား မေးတော်မူ၏၊ ငါသည် ကောင်းကင်နှင့်မြေကြီးကို ပြည့်နေသည်မဟုတ်လော?ဟု ထာဝရဘုရားမေးတော်မူ၏။”

ကျွန်တော်တို့ဘဝများအတွက် မည်မျှအရေးကြီးသောအမှန်တရားပါနည်း? ကျွန်တော်တို့ ဘယ်သွားသွား၊ ဘာလုပ်လုပ် ဘုရားသခင်သည်ရှိနေတော်မူသည်ဟု သိရခြင်းက သန့်ရှင်းခြင်း၊ နှိမ့်ချခြင်း၊ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေခြင်းအသက်တာတွင် အသက်ရှင်ဖို့ လိုအပ်သောခွန်အားကို ပေးနေပါသည်။

လူအများက သူတို့၏ဆိုးညစ်သောကျင့်ကြံပြုမူခြင်းများကို ဝှက်ထား၍ရသည်ဟု ထင်နေကြပါသည်။ အခြားလူသားများ မျက်မှောက်မှနေ၍ ပိတ်ထားသောတံခါးများနောက်ကွယ်တွင် တကယ်လည်း ဝှက်ထားလေ့ရှိကြပါသည်။ အမှောင်ထုအောက်တွင်၊ လျှို့ဝှက်စွာနှင့် ဝှက်ထားတတ်ကြပါသည်။ သို့သော် ဘုရားသခင်က သူတို့ဘာလုပ်သည်ကို သိနေပါသည်။ သူတို့၏ဆိုးညစ်ခြင်းများကို ပြုနေကြချိန်တွင် ဘုရားသခင်သည် ရှိနေပါသည်။ “ထာဝရဘုရား၏မျက်စိတော်သည် ခပ်သိမ်းသောအရပ်၌ရှိ၍ ကောင်းမကောင်းကို ကြည့်ရှုတော်မူသည်” (သုတ္တံ ၁၅း၃)။

ထို့ကြောင့် ငါအပြစ်လုပ်တာ ဘယ်သူမှမတွေ့ဘူး၊ သက်သေမရှိဘူးဟု ထင်နေကြသူများ မည်မျှမိုက်မဲကြပါသနည်း! ထို့အတူ ဆိုင်းနိုင်းတောင်အောက် အစ္စရေးများကဲ့သို့ ဘုရားသခင့်ရှေ့တော်မှောက်တွင် ငါတို့သည် အပြစ်ပြုကြပါသည်ဟု ပြောကြသူများသည်လည်း မည်မျှမိုက်မဲကြပါသနည်း! သူသည် အမြဲရှိနေပါသည်၊ ပြုသမျှ၊ ပြောသမျှ၊ တွေးသမျှတို့၏ သက်သေဖြစ်ပါသည်။ နေရာတိုင်း၌ရှိနေတော်မူသော တရားသူ

ကြီးဖြစ်တော်မူပါသည်။

ထိုအမှန်တရားသည် နှစ်သိမ့်စရာလည်း ဖြစ်နေပါသည်။ နောင်တရ၍ ယုံကြည်သူများအတွက် ဘုရားသခင်သည် နေရာတိုင်းတွင် ရှိနေပါသည်ဟုသိရခြင်းသည် နှစ်သိမ့်စရာကောင်းလှပါသည်။ ဘုရားသခင်သည် သူတို့အတွက် နေရာတိုင်းတွင် အထူးရှိနေခြင်းဖြင့် ရှိနေတော်မူပါသည်။ သူသည် မိမိအပြစ်အတွက် ဝမ်းနည်းကြေကွဲ၍၊ နောင်တရနှိမ့်ချသူများနှင့် နီးကပ်စွာရှိတော်မူပါသည်။ အမှန်တရားကိုချစ်မြတ်နိုး၍ သူ့ထံဆုတောင်းသူများထံတွင် နီးကပ်စွာရှိနေပါသည် (ဆာလံ ၃၄း၁၈၊ ၁၄၅း၁၈)။ သူတို့ထံတော်တွင် ဖခင်အနေနှင့်၄င်း၊ ကယ်တင်ရှင်အနေနှင့်၄င်း ရှိတော်မူပါသည်။ သူတို့၏အော်ဟစ်သံကို ကြားပါသည်၊ သူတို့၏ကြေကွဲသောနှလုံးသားများကို ကြည့်တော်မူလျက်၊ အနာပျောက်ကင်းစေပါသည်၊ ကယ်တင်တော်မူပါသည်။

မိမိလူများ၏ ဘဝရှုန်းကန်ရခြင်းများ၊ စုံစမ်းနှောက်ယှက်ခံရချိန်များတွင်လည်း သူတို့ထံတွင် ရှိနေတော်မူပါသည်၊ "သူတို့၏ဒုက္ခဆင်းရဲခြင်းများထဲတွင် သူသည်လည်း ဆင်းရဲခံတော်မူပါသည်၊ သူ့ရှေ့တော်မှောက်တွင်ရှိတော်မူသော ကောင်းကင်တမန်က သူတို့ကို ကယ်တင်ပါသည်၊ ချစ်ခြင်းဖြင့်၄င်း၊ သနားခြင်းဂရုဏာတော်ဖြင့်၄င်း သူသည် သူတို့ကို ကယ်တင်တော်မူပါသည်၊ ထောက်မပါသည်၊ ရှေးကာလတလျှောက်လုံး သူတို့ကို စီဆောင်တော်မူပါသည်" (ဟေရှာ ၆၃း၉)။ ယနေ့ချိန်တွင်လည်း ထိုအတူပင် ဖြစ်ပါသည်။

သခင်ခရစ်တော်အားဖြင့် ဘုရားသခင်သည် သူ့လူများနှင့် အလွန်နီးပါသည်။ ခရစ်တော်သည် မောနွေလဖြစ်ပါသည်၊ အဓိပ္ပါယ်မှာ ဘုရားသခင်ငါတို့နှင့်အတူရှိသည် ဖြစ်ပါသည်။ ဘုရားသခင်၏နေရာတိုင်း၌ရှိနေတော်မူခြင်း၏ ကယ်တင်ခြင်းကို ဖွင့်ပြတော်မူချက်ဖြစ်ပါသည်။ ခရစ်တော်အားဖြင့် ဘုရားသခင်သည် အမြဲတမ်း ကျွန်တော်တို့ထံတွင် ကျွန်တော်တို့၏ဘုရားသခင်အဖြစ်၊ ကယ်တင်ရှင်အဖြစ်၊ ဖခင်အဖြစ် ရှိနေတော်မူပါသည်။

ခင်ဗျား ဘုရားသခင်၏နေရာတိုင်း၌ရှိနေတော်မူခြင်းကို သတိပြုမိပါသလား? သူသည် သင့်ထံအမြဲရှိနေတော်မူသည်ဟု သိရခြင်းက သင့်ကို အပြစ်မှရှောင်ဖယ်ကာ၊ သန့်ရှင်းခြင်းကိုခံရသောနှလုံးသားနှင့် အသက်ရှင်ခြင်းသို့ ရောက်စေပါသလား? ကျွန်တော်ဘယ်သွားသွား ထိုနေရာတွင် ကိုယ်တော့်လက်တော်သည် ကျွန်တော့်ကို ဦးဆောင်နေပါသည်၊ ကိုယ်တော့်လက်ျာဖက်က ကျွန်တော့်ကို ဆုပ်ကိုင်တော်မူနေပါသည်ဟု သင်ပြောပါသလား?(ဆာလံ ၁၃၉း၁၀)။

## ဘုရားသခင်၏ချစ်ခြင်း(God's Love)

ဝမ်းနည်းစရာကောင်းစွာ၊ ဘုရားသခင်၏ချစ်ခြင်းအကြောင်းသည် ခရစ်ယာန်တို့အကြား အတော်အငြင်းပွားစရာ ဖြစ်နေပါသည်။ ဘုရားသခင်က လူသားတယောက်မကျန်ကိုချစ်ပါသလား? လူသားတယောက်မကျန်ကို ကယ်တင်ချင်ပါသလား? ဆိုသည့်မေးခွန်းများကို အလွန်ခြားနားစွာ အဖြေပေးနေကြပါသည်။ ထိုမေးခွန်းများသည် အရေးကြီးပါသည်။ ဘုရားသခင်၏ ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းနှင့်ဆိုင်သော မေးခွန်းများ ဖြစ်ကြပါသည်။ အချို့တို့ကိုသာ ဘုရားသခင်သည် ထာဝရချစ်ခြင်းဖြင့် ချစ်တော်မူသည်၊ သခင်ခရစ်တော်၏အသေခံခြင်းဖြင့် အချို့တို့ကိုသာကယ်တင်သည်၊ ထိုသို့အသေခံခြင်းသည် ဘုရားသခင်၏ချစ်ခြင်းကို ကြီးမြတ်စွာပေါ်ပြခြင်း ဖြစ်သည်။

ကျွန်တော်တို့၏ရည်ရွယ်ချက်သည် ယောဒ၃း၁၆လို ကျမ်းပိုဒ်ကို အနက်ဖွင့်ဖို့၊ ထိုနေရာတွင်ပါနေသော လောကဆိုသည့်စကားလုံးကို ရှင်းပြဖို့မဟုတ်ပါ။ ဤနေရာတွင် ဘုရားသခင်၏ချစ်ခြင်းသည် မည်သို့ဖြစ်သနည်း?ဆိုသည်ကိုနားလည်ခြင်းဖြင့် မေးနေသောထိုမေးခွန်းများကို ဖြေနိုင်မည်ဆိုသည်ကို ပြောပြရန်ဖြစ်ပါသည်။

ပထမဆုံးပြောချင်သည်မှာ၊ ဘုရားသခင်၏ချစ်ခြင်းသည် သူ့ကိုယ်သူ၊ သူ၏ကိုယ်ပိုင် ဘုန်းအသရေ၊ သူ၏ကိုယ်ပိုင် သန့်ရှင်းတော်မူခြင်းတို့ကို ချစ်တော်မူခြင်းဖြစ်သည်။ ၁ယော ၄း၁၆ က ဘုရားသခင်သည် ချစ်ခြင်းဖြစ်တော်မူသည်ဟုပြောသောအခါ ထိုအချက်ကိုပြောနေခြင်းဖြစ်သည်။ ဘုရားသခင်သည် သူ၏ဘုရားဖြစ်တော်မူခြင်းထဲ၌ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်အဖြစ် မိမိကိုယ်ကို ချစ်တော်မူခြင်းဖြစ်ပါသည်။ ချစ်သည်ဆိုခြင်းအားလုံးအတွက် ဘုရားသခင်သည် နမူနာပုံစံသရုပ်မှန်(epitome)ဖြစ်

တော်မူပါသည်။ ချစ်ခြင်း၏ဘုရားသခင်ဖြစ်ဖို့ ဘုရားသခင်သည် ကျွန်တော်တို့ကို မလိုအပ်ပါ။ ချစ်ခြင်း၏ဘုရားသခင် ဖြစ်တော်မူခြင်းဘုန်းအသရေသည်လည်း ကျွန်တော်တို့မပါ၍ လျော့သွားသည်မဟုတ်ပါ။ ထာဝရကာလမှနေ၍ ထာဝရကာလတိုင်အောင် သူသည် ချစ်ခြင်းဖြစ်ပါသည်။ မိမိ၏အဖြစ်တော်အတွင်း၊ သုံးပါးတဆူဖြစ်ခြင်းဖြင့် ချစ်နေတော်မူပါသည်။

ကျမ်းစာက ချစ်ခြင်းကို “ပြည့်စုံခြင်း၏တုတ်နှောင်၊ နှောင်ဖွဲ့မှု”ဟု အနက်ဖွင့်ပါသည်(ကော ၃း၁၄)။ ထို့ကြောင့် ချစ်ခြင်းဆိုသည်မှာ စိတ်လှုပ်ရှားမှု၊ စိတ်၏ခံစားချက် သက်သက်မျှမဟုတ်ပါ။ သန့်ရှင်းသော သုံးပါးတဆူဖြစ်တော်မူခြင်းထဲမှ ပြည့်စုံသောပုဂ္ဂိုလ်သုံးဦးကြား ပေါ်ပေါက်နေသော နှောင်ဖွဲ့မှု(bound) ဖြစ်ပါသည်။

ဘုရားသခင်၏ချစ်ခြင်းသည် သူ၏ကိုယ်ပိုင်ဘုန်းအသရေဖြစ်သောကြောင့်(ဟေရှာ ၄၂း၈၊ ယေဇ ၃၉း၂၅)၊ ချစ်ခြင်းသည် ပြည့်စုံခြင်း၏တုတ်နှောင်၊နှောင်ဖွဲ့မှုဖြစ်သောကြောင့်၊ ဘုရားသခင်သည် သခင်ခရစ်တော်မှနေ၍မဟုတ်လျှင် လူသားများကို မချစ်နိုင်ပါ။ ထို့ကြောင့် ရွေးကောက်တော်မူခြင်းသည် ခရစ်တော်ထံ၌ ဖြစ်ရခြင်းဖြစ်ပါသည်၊ ဘုရားသခင်၏ထာဝရချစ်ခြင်းသည် သခင်ခရစ်တော်အားဖြင့် တချို့အတွက်သာ ဖြစ်နေရခြင်းဖြစ်ပါသည်။ သခင်ခရစ်တော်ထံ၌ ကျွန်တော်တို့ရှိနေမှသာ ပြည့်စုံသူများဖြစ်လာကြပါသည်။ ထို့ကြောင့် ယောဒ၃း၁၆ မှ ဤလောကဆိုသည့်စကားလုံးက တယောက်မကျန်ကို မရည်ညွှန်းရခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် သခင်ခရစ်တော်၏ပြင်ပ၌နေသူများနှင့် ပြည့်စုံခြင်း၏တုတ်နှောင်၊နှောင်ဖွဲ့မှုကို မပြုနိုင်ပါ။

ဆာလံ ၅း၄က ဘုရားသခင်သည် သခင်ခရစ်တော်ထံမှမဟုတ်လျှင် ကျွန်တော်တို့ကို မချစ်ပါ ဆိုသည့် အမှန်တရားကို ဆက်၍ထောက်ထံနေပါသည်။ “ကိုယ်တော်သည် မတရားသောအမှုကို နှစ်သက်သောဘုရားမဟုတ်၊ ဆိုးသောသူကို လက်ခံတော်မမူ။” ဘုရားသခင်နှင့်ဆိုးညစ်ခြင်းကြားတွင် ပြည့်စုံခြင်း၏တုတ်နှောင်၊ နှောင်ဖွဲ့မှု မရှိနိုင်ပါ။ ထို့ကြောင့် သူချစ်သောသူများကို သခင်ခရစ်တော်၌ ရွေးကောက်ကာ ကယ်တင်ရခြင်းဖြစ်ပါသည်။ ထိုသို့မှသာ သူ၏ချစ်ခြင်း၏ အချစ်ခံများ ဖြစ်လာနိုင်ကြပါသည်။

ထိုအမှန်တရား၏အခြားတဖက်မှာ ဘုရားသခင်သည် ဆိုးညစ်ခြင်းနှင့်လူဆိုးများကို မုန်းတော်မူပါသည် (ဆာလံ ၅း၅၆)။ ထိုသို့ပြောခြင်းသည် နားလည်ရခက်သောစကားဖြစ်ပါသည်၊ သို့သော် ထိုသို့ပြောခြင်းကို ဆန့်ကျင်ခြင်းသည် ဘုရားသခင်ကို စော်ကားသောစကားပြောခြင်းဖြစ်ပြန်ပါသည်။ ဘုရားသခင်က လူများကို သူတို့၏ဆိုးညစ်ခြင်းများနှင့်အပြစ်များမှ မကယ်တင်ဘဲ ချစ်တော်မူသည်ဟု ပြောခြင်းသည်၊ သန့်ရှင်း၍ ဖြောင့်မတ်သောဘုရားသခင်က ဆိုးညစ်ခြင်းကို ချစ်သည်ဟု ပြောခြင်းဖြစ်ပါသည်။ မည်သူသည် ထိုသို့တွေးရဲပါသနည်း?

ဘုရားသခင်၏ချစ်ခြင်းကို ထိုသို့နားလည်ခြင်းသည် ယုံကြည်သူတို့၏ စိတ်ကြည်နူးခြင်းနှင့်ဝမ်းမြောက်ခြင်းတို့ တည်ရှိရာဖြစ်ကြောင်း မမေ့ကြပါနှင့်။ ဘုရားသခင်သည် သူ့လူများကို သူတို့၏အပြစ်များထဲမှ ကယ်တင်၍၊ ပြည့်စုံသူများ ဖြစ်လာစေမည်ဟု ပြောနေခြင်းဖြစ်ပါသည်။ သူ၏ချစ်ခြင်းသည် ပြည့်စုံခြင်း၏တုတ်နှောင်ခြင်းဖြစ်ပါသည်။ သူ့လူများကို ဘုရားသခင်သည် သူ၏မိတ်သဟာယဖွဲ့ခြင်းအတွင်းသို့ ခေါ်ဆောင်တော်မူမည်၊ သူတို့ကို မိမိ၏ဘုရားဖြစ်ခြင်းအား ပါဝင်ဆက်ဆံသူများ ဖြစ်လာစေတော်မူမည်ဟု ပြောနေခြင်းဖြစ်ပါသည်။ “ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏၊ ချစ်ခြင်းမေတ္တာ၌ တည်သောသူသည် ဘုရားသခင်၌တည်၏”(၁ယော ၄း၁၆)။ တကယ့်ကောင်းချီး၊ တကယ့်ကြည်နူးစရာဖြစ်ပါသည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

+++++++++++++++++++++++++++++++++++++++++++++++++++++

# ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၇)

၂း၁၈–၂၉

၁၈ – သွာတိရမြို့၌ရှိသောအသင်းတော်၏တမန်ကို ဤသို့ရေး၍မှာလိုက်လော့။ မီးလျှံကဲ့သို့သော
မျက်စိနှင့်၄င်း၊ ကြေးဝါစစ်နှင့်တူ သော ခြေနှင့်၄င်း၊ ပြည့်စုံသော ဘုရားသခင့်သားတော်၏ အမိန့်တော်ကား၊
၁၉ – သင့်အကျင့်ကျင့်ခြင်း၊ ချစ်ခြင်း၊ အမှုဆောင်ခြင်း၊ ယုံကြည်ခြင်း၊ သည်းခံခြင်းကို၄င်း၊
နောက်ကျင့်သောအကျင့်တို့သည် အရင်ကျင့်သောအကျင့်တို့ထက် သာ၍များကြောင်းကို၄င်း ငါသိ ၏။ ၂၀
– သို့သော်လည်း ငါ၏အစေခံကျွန်တို့သည် မတရားသောမေထုန်ကို ပြုစေခြင်းငှာ၄င်း၊ ရုပ်တုရှေ့မှာ
ပူဇော်သောယဇ်ကောင်ကို စားစေခြင်းငှာ၄င်း၊ ပရောဖက်မဟုတ်၍ ကိုယ်ကိုခေါ်ဝေါ်သော သင်၏ခင်ပွန်း
ယေဇဗေလသည် သွန်သင်၍ မှားယွင်းစေရသောအခွင့်ကို သင်သည်ပေးသောကြောင့် သင်၌ အပြစ်
တင်စရာရှိ၏။ ၂၁ – နောင်တရသင့်သောကာလကို ငါပေးသော်လည်း၊ သူသည် မိမိမတရား သေ
မေထုန်ကို နောင်တရချင်သောစိတ်မရှိ။ ၂၂ – ထို့ကြောင့် သူ့ကို အိပ်ရာ၌ ငါချထားမည်။ သူနှင့်အတူ
မတရားသောမေထုန်ကိုပြု၍ ထိုသို့သောအကျင့်ကို နောင်တမရသောသူတို့ကိုလည်း
ကြီးစွာသောဆင်းရဲခြင်းသို့ ရောက်စေမည်။ ၃ – သူ၏သားသမီးတို့ကိုလည်း အ သေသတ်မည်။ ငါသည်
နှလုံးကျောက်ကပ်ကို စစ်ဆေးတော်မူသောသူဖြစ်ကြောင်းကို ထိုသို့သောအားဖြင့်
ခပ်သိမ်းသောအသင်းတော်တို့ သည် သိရကြလိမ့်မည်။ သင်တို့ သည် အသီးအသီး
ကျင့်သောအကျင့်နှင့်အလျောက် အကျိုးအပြစ်ကို ငါပေးမည်။ ၂၄ – ထိုမိစ္ဆာဒိဋ္ဌိအယူ
ကို ယူသောသူတို့ခေါ်ဝေါ်သည်နှင့်အညီ၊ စာတန်၏နက်နဲသောအရာဟု ခေါ်ဝေါ်သော အရာတို့ကိုမကျွမ်း၊
ထိုမိစ္ဆာဒိဋ္ဌိအယူကို မယူ၊ ကြွင်းသော သွာတိရမြို့သားတို့ကို ငါဆိုသည်ကား သင်တို့သည် ရသမျှကို
ငါလာသည်တိုင်အောင် စွဲကိုင်ကြလော့။ ၂၅ –ထိုမှတပါးအခြား သောဝန်ကို သင်တို့အပေါ်၌ ငါမတင်။ ၂၆
– အကြင်သူသည် အောင်မြင်၍ အဆုံးတိုင်အောင် ငါ့အကျင့်ကိုကျင့်၏။ ငါ့ခမည်းတော်သည် ငါ့အား
အခွင့်ပေးတော်မူသကဲ့သို့ လူမျိုးတို့ကို အုပ်စိုးစေခြင်းငှာ ထိုသူအား ငါသည် အခွင့်ပေးမည်။ ၂၇ –
ထိုသူသည် သူတို့ကို သံလှံတံ နှင့်အုပ်စိုး၍ မြေအိုးကို ခွဲဖြတ်သကဲ့သို့ ခွဲဖျက်လိမ့်မည်။ ၂၈ –
မိုးသောက်ကြယ်ကိုလည်း ထိုသူအား ငါပေးမည်။ ၂၉ – ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့
မိန့်တော်မူသည်ကို နားရှိသောသူမည်သည် ကား ကြားပါစေ။

၁။ သွာတိရမြို့သည် ပေရဂံမြို့၏အရှေ့တောင်ဖက်၊ သာဒိမြို့သို့သွားသောလမ်းပေါ်တွင် တည်ရှိသည့် အာရှ မိုင်းနားဒေသရှိ မြို့တော်ကြီးတခုဖြစ်သည်။ ထိုမြို့သည် ချည်ထည်များကို အရောင်ဆိုးခြင်း၌ နာမည်ကျော် မြို့ဖြစ်သည်။ သွာတိရမြို့မှ နီးမောင်းသောအထည်များကို ရောင်းသော ကုန်သည်အမျိုးသမီး လုဒိကို သတိရပါ၊ တမန် ၁၆း၁၄။

ဤအသင်းတော်သို့ သခင်ယေရှုသည် မိမိကိုယ်ကို ဘုရားသခင်၏သားတော်ဟု လိပ်မူပါသည်။ အရာခပ် သိမ်းကိုသိတော်မူသောသူဟု အထူးပြုချင်၍ဖြစ်သည်။ ဆာလံ ၂ ကိုကိုးကား၍ဖော်ပြသည်။ သူ၏မျက်လုံး များသည် မီးတောက်များကဲ့သို့ဖြစ်သည်ဟု ပြောသည်၊ နှလုံးသားများ၏ ဝှက်ထားသည်များကို ထွင်းဖေါက် သိမြင်သည်ဟု ပြောနေခြင်းဖြစ်သည်။

သူ၏ခြေများသည် အရောအနှောကင်းသော ကြေးဝါကဲ့သို့ဟု ဆိုးညစ်ခြင်းတို့အပေါ် တရားစီရင်သူဖြစ် ကြောင်း ဖေါ်ပြနေပါသည်။

၂။ ထိုအသင်းတော်သည် နွေးထွေးခြင်း၊ ချစ်စရာကောင်းခြင်း၊ ဆွဲဆောင်မှုရှိခြင်းတို့ကို ဖေါ်ပြနေပါသည်။ ခိုင်မာသောပုံစံတော့မရှိပါ၊ အမှန်တရားနှင့်စည်းကမ်းထိမ်းသိမ်းခြင်းတို့တွင် အားမသန်ပါ။ နွေးထွေးသော ချစ်ခြင်းနှင့်ဆွဲဆောင်မှုတို့ကိုသာ ဖေါ်ပြနေပါသည်။ ထို့ကြောင့် သခင်ယေရှုက ‘သင့်အကျင့်ကျင့်ခြင်းကို ငါ သိသည်’ဟုပြောခြင်းဖြစ်သည်။ သူတို့၏ယေဘုယျအသက်ရှင်ပုံကို ပြောနေခြင်းဖြစ်သည်။ ‘ချစ်ခြင်း’ဆိုသည်

မှာ တက်ကြွစွာဘုရားသခင်ကိုချစ်သည်၊ ညီအကိုမောင်နှမတို့ကိုချစ်သည်ဟု ပြောခြင်းဖြစ်သည်။ 'အမှုဆောင်ခြင်း'ဆိုသည်မှာ သင်းထောက်များ၏အမှုဆောင်ခြင်း၊ ဆင်းရဲသောအသင်းသားများ၊ အကူအညီလိုသူများ၊ ဖျားနာသူများကို စောင့်ရှောက်ကြသည်ဟုပြောနေခြင်းဖြစ်သည်။ 'ယုံကြည်ခြင်း'ဆိုသည်မှာ ကောင်းသောအကျင့်ကို မွေးထုတ်ပေးသော လက်တွေ့ယုံကြည်ခြင်းကို ဆိုလိုသည်။ 'သီးခံခြင်း'ဆိုသည့်အတွက် အသင်းတော်သည် သစ္စာရှိသဖြင့် အထင်သေးခြင်းကို ခံနေရသည်ဟု သိနိုင်ပါသည်။
အင်မတန် တက်ကြွစွာ သခင်ခရစ်တော်အတွက် အသက်ရှင်နေသောအသင်းတော်ဖြစ်သည်။ သွာတိရအသင်းတော်သည် ဖေက်အသင်းတော်နှင့် ပြောင်းပြန်ဖြစ်သည်ဟု ပြောရပါမည်။

၃။ အံ့သြစရာကောင်းလှစွာ ဤအသင်းတော်၏ကောင်းမြတ်ခြင်းများသည် တချိန်တည်းတွင် သူ၏မကောင်းသောလက္ခဏာများဖြစ်နေပါသည်။ ကြည့်ပါ၊ အမျိုးသမီးကို သင်ကြားသူအဖြစ်ခွင့်ပြုနေပါသည်။ ထိုအမျိုးသမီးက သူကိုယ်သူ ပရောဖက်မဟုပြောနေပါသည်။ ကျမ်းစာကပြောပြသော ဘုရားသခင်၏စကားတော်အပြင် အထူးဖွင့်ပြခြင်းကို သူကရပါသည်ဟု ပြောနေပါသည်။
အသင်းတော်က ထိုအမျိုးသမီး၏သင်ပေးခြင်းများကို လက်ခံပါသည်။ ထိုအခါ အမျိုးသမီးကပို၍ဆိုးဝါးသောအရာများကို ဆက်၍သင်ပေးလေသည်။ နိကောလ၏သွန်သင်ချက်ကို သင်ပေးခြင်းဖြစ်သည်။ လိင်မှုကိစ္စ၌ စည်းလွတ်ဝါးလွတ်နေထိုင်ခြင်း၊ ရုပ်တုရှေ့ပူဇော်သောအစားအစာများကို စားသောက်ခြင်း စသည်တို့ဖြစ်သည်။ ထိုသြဝါဒက အပြစ်တရားနှင့်ကျေးဇူးတရား၏ နက်နဲခြင်းအတွေ့အကြုံခံစားချက်ကို လက်တွေ့ပေးသည်ဟု လုပ်ချင်စရာဖြစ်အောင် ဆွဲဆောင်ပါသည်။ ထိုသို့ပြုခြင်းကို သူတို့က "စာတန်၏နက်ရှိုင်းမှုကို သိကျွမ်းခြင်း"ဟုခေါ်ကြသည်။ ထို့ကြောင့် ကျေးဇူးတော်များများခံစားဖို့ အပြစ်များများပြုကြပါဟု ပြောခြင်းဖြစ်သည်။
ထိုအမျိုးသမီးသည် သခင်ယေရှု၏လူအတော်များများကို လိမ်ညာသွေးဆောင်နိုင်ပါသည်။ ထို့ကြောင့် ထိုအမျိုးသမီးကို သခင်ယေရှုက "ယေဇဗေလ"ဟုခေါ်ခြင်းဖြစ်သည်။ ဓမ္မဟောင်းကာလ ဆိုးညစ်သော အာဟပ်မင်း၏ မိဖုရားကိုရည်ညွှန်းပါသည်။
အားလုံးကို ခြုံကြည့်လျှင် သွာတိရအသင်းတော်၏ အားနည်းချက်သည် ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်းကို လစ်လျူရှုခြင်းတော့မဟုတ်ပါ။ မှားယွင်းသောဂန္ထာရီဆန်ခြင်းကို အလွန်လိုက်နာချင်သော အသင်းတော်တခုဖြစ်နေပါသည်။ ကျမ်းစာအပြင် အခြားဖွင့်ပြခြင်းဗျာဒိတ်ရူပါရုံဆိုသည်မျိုးကို ဂရုစိုက်ခြင်း၊ လူဆိုးမ၏ "တွေ့ကြုံခံစားခြင်းများ"ဆိုသည်မျိုးကို ဂရုထားနေခြင်း စသည်တို့ဖြစ်သည်။

၄။ သခင်ယေရှုက ထိုယေဇဗေလနှင့်တူသောမိန်းမကို ဒဏ်ခတ်ပါသည်။ သခင်ယေရှုက ပေရဂံအသင်းတော်ကဲ့သို့ ဤအသင်းတော်ကို "လူဆိုးများအားမောင်းထုတ်ပါ"ဟု မခိုင်းပါ။ အဘယ်ကြောင့်ဆိုသော် အဆင့်အလွန်နိမ့်သွားပြီဖြစ်၍ ထိုသို့မောင်းထုတ်ဖို့ တွေးပင်မတွေးရဲတော့ပါ။
ထို့ကြောင့် သူကိုယ်တော်တိုင်က လူဆိုးမနှင့်အပေါင်းအသင်းများကို စီရင်မည်ဟု ပြောခြင်းဖြစ်သည်။ သူသည် နှလုံးကျောက်ကပ်ကို စစ်ဆေးသောသူဖြစ်သည်ဟုပြောသည်၊ ဆိုလိုသည်မှာ လူတို့၏ဖုံးကွယ်နေသောအရာများကို သိသူ၊ တရားစီရင်သူဟု ပြောခြင်းဖြစ်သည်။ လူတိုင်းကို သူတို့နှင့်ထိုက်တန်စွာ တရားစီရင်သူဟုပြောပါသည်။ ထို့ကြောင့် "ကျေးဇူးတော်များများခံစားဖို့၊ အပြစ်များများလုပ်ကြစို့"ဆိုသူများ သူ၏မျက်နှာသာပေးခြင်းကို မရနိုင်ကြပါ။
သူသည် ယေဇဗေလအမျိုးသမီးဆိုးကို ရောဂါဆိုးရစေလျှက် အိပ်ရာထဲလဲနေစေမည်ဟုပြောသည်။ သူ့အပြစ်၌ပါဝင်သူတိုင်းကိုလည်း နောင်တမရကြလျှင် ထိုသို့သောဘေးဆိုးနှင့်တွေ့စေမည်။ ထိုအမျိုးသမီး၏သားသမီးများကို သတ်မည်။

၅။ ထိုသို့အသက်မရှင်၊ သစ္စာရှိကြသူများကို ဆက်၍အားပေးပါသည်။ သူတို့အပေါ် လေးသောဝန်ကိုမထမ်းခိုင်းပါဟုပြောပါသည်။ လုပ်ရမည်မှာ သိပြီးသားဖြစ်သော၊ အမှန်တရားသြဝါဒများကို ဆက်လက်၍ ခိုင်မာ

စွာ ဆွဲကိုင်လျှက်နေခြင်းသာဖြစ်ပါသည်။ “သူလာသည်တိုင်အောင်”ဆိုသည်မှာ ဒုတိယအကြိမ်ကြွလာချိန်ကို ပြောနေခြင်းဖြစ်ပါသည်။

ဆက်လက်၍ ကတိတော်ကိုပေးပါသည်။ “အောင်မြင်သူ”ဆိုသည်မှာ အဆုံးတိုင်အောင် သခင်ခရစ်တော်၏ အလုပ်ကို စောင့်ရှောက်သူဟု ပြောနေခြင်းဖြစ်သည်။ ထိုသူတို့အား “နိုင်ငံများပေါ် တန်ခိုးရှိရခြင်း”ကိုပေးမည်၊ ဆာလံ ၂း၈–၉ကို ရည်ညွှန်းပါသည်။ ဆာလံတွင် နိုင်ငံများဆိုသည်က မယုံကြည်သူများကို ရည်ညွှန်းသည်၊ ဤကျမ်းပိုဒ်တွင် နိုင်ငံများဆိုသည်က ဆိုးညစ်သူများကို ရည်ညွှန်းသည်။ “သံလှံတံနှင့်အုပ်စိုးခြင်း”ဆိုသည်မှာ အပြည့်အဝလွှမ်းမိုးအုပ်ချုပ်ခြင်းကိုဆိုလိုသည်။ “မြေအိုးကိုခွဲဖျက်သကဲ့သို့”ဆိုသည်မှာ ဆိုးညစ်သူများကို လုံးဝခြေမှုန်းပစ်ခြင်းကိုပြောသည်။ ထိုတန်ခိုးကို ယခုချိန်တွင် သခင်ဘုရားက ခမည်းတော်ထံမှ ရပြီးဖြစ်သည်၊ သူ့လူများက သူ့ထံမှ ဝေငှရရှိမည်၊ ယခုအချိန်တွင် သဘောတရားအရ ရရှိကြပြီ၊ သူပြန်လာချိန်တွင် တကယ်လက်တွေ့ရရှိကြမည်။

“မိုးသောက်ကြယ်”ကိုကတိပေးခြင်း။ ကြယ်ကို ကျမ်းစာတွင် နိမိတ်ပုံအဖြစ်သုံးပါသည်၊ ဒံ ၁၂း၃၊ မဿဲ ၁၃း၄၃၊ ဗျာ ၂၂း၁၆၊ ၂ပေ ၁း၁၉။ ဤနေရာများ၌ သခင်ဘုရားက ကျွန်တော်တို့ကို မိုးသောက်ကြယ်ပေးမည်ဟု ပြောပါသည်။ ဆိုလိုသည်မှာ ထာဝရကာလရှေ့ပြေးအကြောင်းအရာများကိုဖြစ်ပါသည်၊– မျှော်လင့်ခြင်း၊ ရှင်ပြန်ထမြောက်ခြင်းမနက်ခင်း၏ ဘုန်းအသရေ စသည်တို့ဖြစ်သည်။